## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## ဒသမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၃၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၀.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၂-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့အစည်းအဝေးသို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေနဲ့ တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် ၃၃၉ ဦး တက်ရောက်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၈၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၅၇ ဦးကတော့ ယခင်ကခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၂၆ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၂ ရက်၊

(၂) မိုးညှိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၂ ရက်၊

(၃) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၆ ရက်၊

(၄) ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် ခွင့် ၆ ရက်၊

(၅) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ၂ ရက်၊

(၆) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၁ ရက်၊

(၇) လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ခွင့် ၂ ရက်၊

(၈) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ ခွင့် ၁ ရက်၊

(၉) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၁၀) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၁၁) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ခွင့် ၂ ရက်၊

(၁၂) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၃) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၂ ရက်၊

(၁၄) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၂ ရက်၊

(၁၅) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၂ ရက်၊

(၁၆) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၂ ရက်၊

(၁၇) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၁၈) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၁၉) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၂ ရက်၊

(၂၀) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊

(၂၁) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၂၂) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ ခွင့် ၂ ရက်၊

(၂၃) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၂၄) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၂ ရက်၊

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၂၆) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၇ ဦး ယနေ့ခွင့်ပြုထားသူ ၂၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၈၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကြို့ပင်ကောက်မြို့နယ်ရှိ မီတာ (၄၀၀) အားကစားကွင်းအား အဆင့်မြင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊

ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေ့လာရေးအဖွဲ့များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် ကြို့ပင်ကောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဖြစ်ပါတယ်။ ကြို့ပင်ကောက်မြို့နယ်မှာရှိတဲ့ မီတာ ၄၀၀ အားကစားကွင်းကြီးကို အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းတင်ပြမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်မှာ မီတာ ၄၀၀ အာကစားကွင်းကြီးရှိပါတယ်။ ဒီအားကစားကွင်းကြီးဟာ အခုအချိန်မှာ ပျက်စီးယိုယွင်းလျက်ရှိပါတယ်။ အုတ်တံတိုင်းတွေ ပြိုကျပျက်စီးနေပြီးတော့ ပွဲကြည့်စင်တွေလည်းမရှိဘဲ မြေကွက်လပ်သက်သက်တစ်ခုဖြစ်နေပါတယ်။ အခုတင်ပြတဲ့ မီတာ ၄၀၀ အားကစားကွင်းကြီးကိုစပြီး အကောင်အထည်ဖော်တဲ့အချိန်ကတည်းက အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဘူးလို့ ဘောလုံးသမား၊ အားကစားသမားများ ပြောပြချက်အရ သိရှိရပါတယ်။ ကြို့ပင်ကောက်မြို့နယ်မှာရှိတဲ့ အားကစားသမားများဟာ ဒီနေ့ဒီအချိန်အထိ ရန်ကုန်ပြည်လမ်းဘေးမှာရှိတဲ့အများအခေါ် ဘောလုံးကွင်းလို့ခေါ်တဲ့ ကွင်းအဟောင်းမှာပဲ လေ့ကျင့်နေကြရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကြို့ပင်ကောက်မြို့နယ်အတွင်းမှာရှိကြတဲ့ ဘောလုံးအားကစားသမားများကလည်း မီတာ ၄၀၀ အားကစားကွင်းကြီးကို နိုင်ငံတော်က ပြုပြင်ပေးရင်သိပ်ကောင်းမှာပဲဆိုတဲ့ မျှော်လင့်ချက်တွေရှိနေကြပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်ဖြစ်တဲ့ အားကစားကဏ္ဍကိုမြှင့်တင်ပေးဖို့ရာ အခြေခံကျတဲ့ မြို့နယ်အဆင့်ဖြစ်တဲ့ ကြို့ပင်ကောက်မြို့နယ်မှာ မီတာ ၄၀၀ အားကစားကွင်းကြီးကို မြေကွက်လပ်တစ်ခုအဖြစ်မှ လက်တွေ့လေ့ကျင့်နိုင်တဲ့ အားကစားပြိုင်ပွဲများလက်တွေ့ကျင်းပပေးနိုင်တဲ့ အားကစားကွင်းကြီးတစ်ခုအဖြစ် အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် မြို့နယ်အတွင်းမှာရှိကြတဲ့ အားကစားဝါသနာရှင် မိဘပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အုတ်ဖို-တက်ဆွဲမြို့နယ်ချင်းဆက်လမ်းမကြီးအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝန်ကြီးများနှင့်၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အုတ်ဖိုမြို့နယ်အတွင်းရှိ အုတ်ဖို-တက်ဆွဲလမ်းမှ ၇.၅ မိုင်ရှိတဲ့ မိုးညိုမြို့နယ်နဲ့ ဆက်သွယ်နိုင်တဲ့ မြို့နယ်ချင်းဆက်လမ်းမကြီးကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင်တင်ပေးနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်ပြီးတော့ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အုတ်ဖို-တက်ဆွဲလမ်းမကြီးဟာအရှည် ၇.၅ မိုင်ရှည်လျားပြီးတော့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ အုတ်ဖို-ကျက်ဆူတောလမ်းပိုင်း တစ်မိုင်ကို အဖွဲ့ပိုင်ရန်ပုံငွေနဲ့ ဂဝံလမ်းအဖြစ် ပြုပြင်ထိန်းသိမ်းထားရှိပြီးတော့ ကျန်ရှိသော ၆ မိုင် ၅ ဖာလုံကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၁၁ သိန်းနဲ့ ဒေသခံပြည်သူများပါဝင်မှုနဲ့ ဂဝံလမ်းနှစ်ဖာလုံကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ၅၅.၅ သိန်းနဲ့ ၆ ဖာလုံအား ဂဝံလမ်းအဖြစ်လည်းကောင်း၊ ကျေးရွာအုပ်စုလေးအုပ်စုမှာရှိကြတဲ့ ကျေးရွာပြည်သူ၊ ဒေသခံပြည်သူ၊ စေတနာရှင်အလှူရှင်များရဲ့ ပစ္စည်းလုပ်အားပူးပေါင်း ပါဝင်မှုတန်ဖိုးငွေသိန်း ၂၃၀ နဲ့နှစ်မိုင် သုံးဖာလုံကို ဂဝံလမ်းအဖြစ် ဆောင်ရွက်နိုင်ကြပါတယ်။ ဒါ့အပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၁၆၂.၅ သိန်းနဲ့ နှစ်မိုင်နှစ်ဖာလုံကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ၈၂ သိန်းနဲ့ ဂဝံလမ်းတစ်မိုင်ကို ဂဝံလမ်းအဖြစ်အဆင့်မြှင့်တင်နိုင်ခဲ့ပြီးဖြစ်ပါ၍ ဒေသခံပြည်သူများသွားရေးလာရေး အဆင်ပြေချောမွေ့လျက်ရှိပါတယ်။ သို့ပါသော်လည်း ဒီလမ်းမကြီးဟာ ဒေသထွက်ကုန် ပဲ၊ စပါး၊ ရာသီသီးနှံထွက်ကုန်များအဓိက သယ်ယူပို့ဆောင်နေရတဲ့လမ်းကြီးဖြစ်ပါတယ်။ ဂဝံလမ်းမသည် ကျောက်မာကျောက်ချောလမ်းအဖြစ် ဖြစ်တည်ရေးကို ပြည်သူများမှလိုလားလျက်ရှိကြပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါအုတ်ဖို-တက်ဆွဲလမ်းမကြီးဖြစ်တဲ့ ၇ မိုင် ၅ ဖာလုံကို မြို့နယ်ချင်းဆက်လမ်းမကြီးအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁ မှ ဒုတိယဝန်ကြီးဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင် မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်မှာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားရန် စီစဉ်သတ်မှတ်ထားပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၏ ၂၅-၁၁-၂၀၁၃ ရက်စွဲပါအမှတ်၊ ၃၈၈/အခ(၁၂)ပခတ/၂၀၁၃ ဖြင့်လည်း သက်ဆိုင်ရာ ခရိုင်/မြို့နယ်များအလိုက် အားကစားကွင်း/အားကစားရုံများ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်လိုပါက လိုအပ်သော တွက်ချက်မှုပုံစံများနှင့်အတူ သတ်မှတ်ဘဏ္ဍာရေးနှစ်အမီတင်ပြသွားရန် ခရိုင်/မြို့နယ်များအားလုံးသို့လည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။ သို့ပါ၍ကြို့ပင်ကောက်မြို့နယ်ရှိ မီတာ ၄၀၀ အားကစားကွင်းအား အဆင့်မြှင့်ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် တွက်ချက်မှုပုံစံ(BQ)များဖြင့် ကြို့ပင်ကောက်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ပြည့်စုံစွာပြန်လည်တင်ပြလာပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ရန်ပုံငွေစာရင်းတွင် ဦးစားပေးအဆင့်အလိုက် ထည့်သွင်းရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကျွန်တော်မှပဲလည်း ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်မှာ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ် အုတ်ဖို-တက်ဆွဲလမ်းမကြီးသည် အရှည် ၇ မိုင် ၄ ဖာလုံရှိပြီး ၎င်းလမ်းအား ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၂၀၇၈ အိမ်၊ လူဦးရေ ၈၈၅၄ ဦး

အကျိုးပြုသွားလာလျက်ရှိပါတယ်။ အဆိုပါလမ်း၏ လက်ရှိအခြေအနေမှာ ဂဝံလမ်းပျက်ဖြစ်နေပါတယ်။ အုတ်ဖို-တက်ဆွဲလမ်းအား အရှည် ၇ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၁၀ လက်မ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်ပြီး ၎င်းလမ်းအား ၇.၅ မိုင်၊ ၁၂ ပေ၊ ၁၀ လက်မ ကျောက်ချောလမ်းခင်းပြီဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် ၄၅၃.၆၇၅ သန်းကုန်ကျမည်ဖြစ်ပါတယ်။ အဆိုပါကုန်ကျငွေအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ကျခံသုံးစွဲဆောင်ရွက်နိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စု၊ ကောင်ဝိန်းရေထွက်နှင့် ထီတခေါ့ရေထွက်တို့ကို ပြုပြင်မွမ်းမံခြင်းနှင့် ကောင်ဝိန်းရေထွက်မှ အနောက်ပူယာစန်းကျေးရွာသို့ စိမ့်စမ်းရေသွယ်ယူပေးနိုင်မည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များ၊ ဒေသခံပအို့ဝ်တိုင်းရင်းသားများ၊ ရဟန်းသံဃာများ၏တင်ပြတောင်းဆိုချက်အရ ဟိုနမ့်ကျေးရွာအုပ်စု သောက်သုံးရေလုံလောက်စွာရရှိရေးနှင့် စပ်လျဉ်း၍ မေးခွန်းမေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုနမ့်ကျေးရွာအုပ်စုသည် ပအို့ဝ်တိုင်းရင်းသားများစုပေါင်းနေထိုင်ရာဒေသဖြစ်ပြီး လူဦးရေနှင့် အိမ်ခြေထူထပ်များပြားပါသည်။ ရေအရင်းအမြစ်ရှားပါးခက်ခဲသဖြင့် ယနေ့တိုင် ပင်ပန်းခက်ခဲစွာရယူသုံးစွဲနေကြရပါသည်။ အချို့ကျေးရွာများတွင် မိုးရေလှောင်ကန်များဆောက်လုပ်၍ နှစ်ပေါက် ခံယူသုံးစွဲနေရသည့်အနေအထားတွင်ရှိပါသည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးကြီးတွင် ဟိုနမ့်ဒေသ၏

ရေအရင်းအမြစ်နှစ်ခုဖြစ်သော ထီတခေါ့ရေထွက်နှင့် ကောင်ဝိန်းရေထွက်တို့ကို ပြန်လည်ပြုပြင်မွမ်းမံပေးပါရန် ကြယ်ပွင့်မပြမေးခွန်းဖြင့် တင်ပြမေးမြန်းခွင့်ရရှိခဲ့ပြီး နိုင်ငံတော်မှဆောင်ရွက်ပေးမည့် ကတိကဝတ်များလည်းရရှိခဲ့ပြီး ဖြစ်ပါတယ်။ ထီပျဉ်ကျေးရွာ၊ ပုန်းအောင်ကျေးရွာ၊ ပန်သခွား၊ အနောက်ပူယာစန်းကျေးရွာများ၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုး ရေးရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း လုံလောက်စွာသုံးစွဲနိုင်သည့်အဆင့်မရှိခဲ့ပါ။ လူထုထည့်ဝင်ငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ အနောက်ပူယာစန်းကျေးရွာတွင် လေးမိုင်ကွာဝေးသောနေရာမှ နှစ်လက်မအင်ဂျင်စနစ်ရေစုပ်စက်ဖြင့် ဆောင်ရွက်ခဲ့သော်လည်း ခွဲတန်းစနစ်ဖြင့်သာ သောက်သုံးရေများ ပေးဝေနေရပါသည်။ ထိုနည်းတူ အရှေ့ပူယာစန်းကျေးရွာ၊ စက်ကုန်းကျေးရွာ၊ ဆိုင်းငင်းကျေးရွာ၊ ပူးထိုကျေးရွာနှင့် လွိုင်ခွမ်ကျေးရွာများမှာလည်း တစ်ဆက်တစ်စပ်တည်း ကျေးရွာများဖြစ်ကြပြီး သောက်သုံးရေခက်ခဲရှားပါးသောဒေသများဖြစ်ပါသည်။ ကောင်းဝိန်းရေထွက်မှ ယခုလက်ရှိရွာသားများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ရေသွယ်တန်းထားပါသော်လည်း ငွေကြေးခက်ခဲမှုကြောင့် စနစ်တကျဆောင်ရွက်ခြင်းမရှိနိုင်ခဲ့ပါ။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုနမ့်ကျေးရွာအုပ်စု၊ ကောင်ဝိန်းရေထွက်အားအမှီပြု၍ သောက်သုံးရေသွယ်တန်းပေးနိုင်မည်ဆိုပါက များစွာအဆင်ပြေနိုင်မည်ဖြစ်ပါသည်။ ငွေကုန်ကြေးကျများမည်ဖြစ်သဖြင့် လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လည်း မဖြစ်နိုင်ပါ။ သို့ဖြစ်ပါ၍ ဟိုနမ့်ဒေသသောက်သုံးရေဖူလုံစွာ ရရှိနိုင်ရေးအတွက် အောက်ပါမေးခွန်းများကိုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာတင်ပြမေးမြန်းအပ်ပါသည်။ (၁) ဟိုနမ့်ကျေးရွာအုပ်စု၊ ကောင်ဝိန်းရေထွက် ကျေးရွာ၊ ဆိုင်းငင်းကျေးရွာ၊ စက်ကုန်းကျေးရွာတို့ကို သောက်သုံးရေဖူလုံစွာ ဖြန့်ဝေပေးနိုင်မည်အစီအစဉ်များကို သိရှိလိုပါသည်။ (၂) ကောင်းဝိန်းရေထွက်မှ အနောက်ပူယာစန်းကျေးရွာသို့ စိမ့်စမ်းရေသွယ်ယူပေးနိုင်မည့် အစီအစဉ်များသိရှိလိုပါသည်။ (၃) မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါသည်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကို ကျွန်တော်မှ တင်ပြသွားမှာဖြစ်ပါတယ်။ မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စု ကောင်ဝိန်း ရေထွက်၊ ထီတခေါ့ရေထွက် ပြုပြင်မွမ်းမံခြင်းနှင့်အတူ အရှေ့ပူယာစန်းကျေးရွာ၊ ဆိုင်းငင်း ကျေးရွာ၊ ပူးထိုကျေးရွာ၊ စက်ကုန်း၊ စျေးကုန်း၊ ခူးဝိန်းနှင့် လွိုင်ခွမ်ကျေးရွာများသို့ သောက်သုံးရေ ဖူလုံစွာဖြန့်ဝေပေးနိုင်ရေးနှင့် ကောင်ဝိန်းရေထွက်မှ အနောက်ပူယာစန်းကျေးရွာသို့ စိမ့်စမ်းရေသွယ် ယူပေးနိုင်ရေးတို့အတွက် အဆိုပါ ရေထွက်နှစ်ခုသို့ ကွင်းဆင်းတိုင်းတာခြင်း၊ ကျေးရွာများသို့ ရေဖြန့်ဝေပိုက်လိုင်းများ သွယ်တန်းနိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာခြင်းများဆောင်ရွက်၍ ခန့်မှန်း ကုန်ကျစရိတ်များတွက်ချက်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက် ပေးနိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ငပုတောမြို့နယ်အတွင်းရှိ ကမ္ဘာ့ဘဏ်တာကျွန်း(၁)(၂)၊ အထက်ပြွန်၊ သစ်ပုတ္တိတ်နှင့် မန်ကျည်းပင် ရေငံတားတာရှိ ရေလွှဲတံခါး(၂)ခုတို့အား ယခုပွင့်လင်းရာသီတွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည် တော်များရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ငပုတောမြို့နယ်အတွင်းမှာရှိကြတဲ့ ရေငန်ဖုံးလွှမ်းခံစားနေရတဲ့ တောင်သူများရဲ့ တင်ပြချက်များအပေါ် မေးမြန်းသွားမှာဖြစ်ပါတယ်။ ငပုတောမြို့နယ်အတွင်းမှာရှိကြတဲ့ ကမ္ဘာ့ဘဏ်အစီအစဉ်နဲ့ ဆောင်ရွက်ပေးခဲ့တဲ့ ရေငန်တားတာများ နှင့်ဆည်မြောင်းဦးစီးဌာနကနေ ဆောင်ရွက်ပေးခဲ့တဲ့ ရေငန်တားတာများဟာ ပျက်စီးယိုယွင်းနေပါ

တယ်။ ဒါတွေကို ပြန်လည်ဆောင်ရွက်ပေးဖို့အတွက် ကြယ်ပွင့်မပြမေးခွန်းများမေးတဲ့အခါမှာ ၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄ ခုနှစ်များမှာ ဆောင်ရွက်ပေးမယ်လို့ ပြန်လည်ပြီးဖြေကြားပေးခဲ့ပေမယ့်လို့ ယနေ့တိုင် ဆောင်ရွက်ပေးခဲ့ခြင်းမရှိပါဘူးရှင်။ တောင်သူလယ်သမားတွေဟာ နှစ်စဉ်ရေငန်များ ဖုံးလွှမ်းမှုကြောင့် သီးနှံများပျက်စီးခြင်း၊ ဆုံးရှုံးမှုများနှင့် နစ်နာဆုံးရှုံးမှုတွေ တွေ့ကြုံနေရတဲ့အတွက်ကြောင့် ကျွန်မအနေနဲ့သိရှိလိုသည်မှာ သက္ကယ်သောင်၊ နကုန်း၊ သက်န်းကုန်း၊ ကွေ့ချောင်းတို့မှာ ရှိကြတဲ့ ကမ္ဘာ့ဘဏ်အစီအစဉ်နဲ့ ဆောင်ရွက်ပေးထားတဲ့ အလယ်ကျွန်း(၁)နှင့် (၂)အထက်ပြွန်၊ သစ်ပုတ္တိုပ်တွေကြားမှာရှိတဲ့ ရေငန်တားတမံများ၊ မကျည်းပင် ရေငန်တားတာမှာရှိနေကြတဲ့ ရေလွှဲတံခါးနှစ်ခုတို့ကို ယခုပွင့်လင်းရာသီမှာ အထက်ဖော်ပြပါ ကတိကဝတ်များအရ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ။ ရှိပါက မည်သည့်အချိန်တွင်စ၍ မည်သည့်အချိန်တွင် အပြီးဆောင်ရွက်ပေးမည်၊ မရှိပါက အဘယ်ကြောင့် မရှိသည်တို့ကို ပြန်လည်ဖြေကြားပေးပါရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ကျွန်တော်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်၏ မေးမြန်းချက်အပေါ်မှာ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ငပုတောမြို့နယ်အတွင်းရှိ တာတမံများသည် လယ်ယာမြေများကို ရေငန်ဝင်ရောက်ခြင်းမှကာကွယ်ရန် တည်ဆောက်ထားသော တာတမံများဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် တာတမံအချို့အနက် အလယ်ကျွန်းတာ(၃)၊ မကျီးပင်-မဒေါ့ကန်တာများကို အခိုင်အမာပြုပြင်ထားပြီးဖြစ်ပြီး အလယ်ကျွန်းတာ(၁)ရှိ ဆင်သေရေတံခါးနှင့် အလယ်ကျွန်းတာ(၂) ရှိ ရေကျော်ရေတံခါးများကိုလည်း ပြန်လည်ပြုပြင်ပေးခဲ့ပြီးဖြစ်ပါတယ်။

**မူကြမ်း**

ဆောင်ရွက်ရန်ကျန်ရှိသော အလယ်ကျွန်းတာ(၁)သည် အလျား ၁၃.၃၈ မိုင်နှင့် အလယ်ကျွန်းတာ(၂)သည် အလျား ၂၂.၃၈ မိုင်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားသော်လည်း ရန်ပုံငွေမရရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ပါ။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ငပုတောမြို့နယ်၊ အထက်ပြွန်ကျေးရွာအုပ်စုရှိ အထက်ပြွန်-သစ်ပုတ္တိပ်ရေငန်တားတာတွင် ပြန်လည်ပြုပြင်ပေးရမည့်အလျား လေးမိုင်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ငပုတောမြို့နယ်၊ မကျည်းပင်ကျေးရွာအုပ်စု၊ မကျည်းပင်-မဒေါ့ကန်တာအတွင်းရှိ လက်ရှိအသုံးပြုလျက်ရှိသော သစ်သားရေထုတ်ပြွန်နှစ်ခုကို အခိုင်အမာရေတံခါးအဖြစ် ပြန်လည်တည်ဆောက်ပေးရန်လိုအပ်မည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ထိန်းသိမ်းမှုအောက်မှာရှိတဲ့တာဖြစ်တဲ့အတွက်ကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရေးအတွက်ကို ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာစသည့် ဓာတ်သတ္တုများအား အသေးစားထုတ်လုပ်ခွင့်ပြုမိန့်လျှောက်ထားရာတွင် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးဖြစ်ပါတယ်။ အခု ကျွန်မမေးမယ့်မေးခွန်းကတော့ အခု ကျွန်မတို့နိုင်ငံမှာ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုထက် ဈေးကွက်စီးပွားရေးစနစ်ကို သွားနေတယ်ဆိုပြီးတော့ ပြောနေကြပါတယ်။ ဒီအချိန်မှာ ကျွန်မတို့က ဈေးကွက်ထဲမှာ လွတ်လပ်စွာပြိုင်ဆိုင်ခွင့်၊ နောက်တစ်ခုက ပုဂ္ဂလိကပိုင်ဆိုင်ခွင့်က တစ်ပါတည်းဆောင်ရွက်ရမယ်လို့ဖြစ်ပါတယ်။ အဲ့ဒီတော့ ပုဂ္ဂလိကလုပ်ပိုင်ခွင့်တွေချပေးခြင်းအားဖြင့် တစ်နည်းအားဖြင့်ဆိုလျှင် လူတွေရဲ့အလုပ်အကိုင်အခွင့်အလမ်းတိုးတက်မှာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ဝင်ငွေတိုးစေဖို့အတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ဖို့အတွက်ဆိုလို့ရှိရင် ဒီအသေးစားကျောက်မျက်ထုတ်လုပ်တဲ့ ကုန်သည်လေးတွေ၊ လက်လုပ်လက်စားလေးတွေ အလုပ်ပိုတိုးပြီးတော့ရဖို့အတွက် ဒီသတ္တုတွင်းဥပဒေမှာပြဋ္ဌာန်းတဲ့အတိုင်း ဆောင်ရွက်ပေးဖို့ မေးမြန်းလိုခြင်းဖြစ်ပါတယ်။

**မူကြမ်း**

သတ္တုတွင်းဥပဒေကတော့ ၁၉၉၄ ခုနှစ်၊ ၆ ရက် ၉ လမှာ ပြဋ္ဌာန်းထားတဲ့ မြန်မာ့သတ္တုတွင်းဥပဒေ အခန်း(၃) ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းဆိုတဲ့ အခန်းရယ်၊ နောက်တစ်ခုက ၃၀-၁၂-၁၉၉၄ အဲ့ဒီအချိန်က ဥပဒေက စက်တင်ဘာမှာထွက်တယ်ဆိုလို့ရှိရင် နည်းဥပဒေက ဒီဇင်ဘာမှာ ထွက်ခဲ့တာဖြစ်ပါတယ်။ နည်းဥပဒေအရဆိုလို့ရှိရင် အခန်း(၅) ဓာတ်သတ္တုအသေးစားများ ထုတ်လုပ်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းဆိုတဲ့ ပုဒ်မ ၃၅ အရ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တည်ဆဲဖြစ်သော ၁၉၉၄ ခုနှစ်၊ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၆ နှင့် နည်းဥပဒေ ၃၅ အရ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ စသည့် ဓာတ်သတ္တုများအား အသေးစားထုတ်လုပ်ခွင့်ပြုမိန့်လျှောက်ထားရာတွင် ခွင့်ပြုပေးနိုင်ရေးအတွက် မည်ကဲ့သို့သောလုပ်ထုံးလုပ်နည်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် အစီအစဉ်ရှိ/မရှိ သိလိုပါသည်ဟု မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သတ္တုတွင်းဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး၏ ပြည်ထောင်စုသမ္မတနိုင်ငံတော်တွင် တည်ဆဲဖြစ်သော ၁၉၉၄ ခုနှစ်၊ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၆ နှင့် နည်းဥပဒေ ၃၅ အရ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာစသည့် ဓာတ်သတ္တုများအား အသေးစားထုတ်လုပ်ခွင့်ပြုမိန့်လျှောက်ထားရာမှာ ခွင့်ပြုပေးနိုင်ရေးအတွက် မည်ကဲ့သို့သော လုပ်ထုံးလုပ်နည်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်းပြီး သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၆ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာ့သတ္တုတွင်းဥပဒေမှာ ဓာတ်သတ္တုဆိုတဲ့ စကားရပ်မှာ

ကျောက်မျက်ရတနာ၊ သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းနှင့် ကျောက်(အလှဆင်)တို့ ပါရှိပါတယ်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ၁၉၉၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီးတဲ့နောက် ကျောက်မျက်ရတနာများနှင့်စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့သတ္တုတွင်းဥပဒေနှင့် နည်းဥပဒေများအရ သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းများနဲ့ ကျောက်(အလှဆင်)တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် ခွင့်ပြုမိန့်များလည်း ထုတ်ပေးလျက်ရှိပါတယ်။

မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၆ နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ နည်းဥပဒေ ၃၅ တို့အရ ဓာတ်သတ္တုလက်လုပ်လက်စား ထုတ်လုပ်ခွင့်နှင့် ဓာတ်သတ္တုအသေးစား ထုတ်လုပ်ခွင့်တို့အတွက် လျှောက်ထားတဲ့အခါမှာ လုပ်ထုံးလုပ်နည်းများအနေနဲ့ လုပ်ကိုင်ဆောင်ရွက်လိုသူက မြန်မာ့သတ္တုတွင်းနည်းဥပဒေများပါ ပုံစံ(၁)နှင့် ပုံစံ(၃)တို့နှင့်အညီ လျှောက်ထားရမည်ဖြစ်ပါတယ်။ ထိုသို့လျှောက်ထားတဲ့အခါမှာ လုပ်ကိုင်မယ့်လုပ်ကွက်မြေနေရာရဲ့ ပိုင်ဆိုင်မှုဆိုင်ရာ၊ လက်ဝယ်ရှိမှုဆိုင်ရာ၊ အငြင်းပွားမှုအရှုပ်အရှင်းများ ကင်းရှင်းစေရေးနှင့် ပတ်ဝန်းကျင်ဒေသခံများ ထိခိုက်မှုမရှိစေရေးအတွက် တိုင်းဒေသကြီး သို့တည်းမဟုတ် ပြည်နယ်အစိုးရရဲ့ သဘောထားမှတ်ချက်နှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများရဲ့ အထောက်အထားများကို လျှောက်ထားသူက ပူးတွဲတင်ပြလျှောက်ထားရမှာ ဖြစ်ပါတယ်။ ဓာတ်သတ္တုလက်လုပ်လက်စားနှင့် ဓာတ်သတ္တုအသေးစား ထုတ်လုပ်ခြင်းလုပ်ငန်းများဆောက်ရွက်တဲ့အခါမှာ အထောက်အထားများ ပူးတွဲတင်ပြဖို့ လိုအပ်ပါတယ်။ အဲ့ဒီအထောက်အထားတွေကတော့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများရဲ့ သဘောထားမှတ်ချက်၊ မြို့နယ်မြေစာရင်းဦးစီးဌာနရဲ့ မြေစာရင်းပုံစံ(၁၀၅)၊ မြို့နယ်သစ်တောဦးစီးဌာနရဲ့ သဘောထားမှတ်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ သဘောထားမှတ်ချက်နဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်များဖြစ်ပါတယ်။

ဖော်ပြပါလိုအပ်တဲ့ အထောက်အထားစာရွက်စာတမ်းတွေ ပြည့်စုံစွာ ပူးတွဲတင်ပြလာပြီဆိုရင် သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ လုပ်ကွက်ကင်းရှင်းမှု၊ ဓာတ်သတ္တုဖြစ်ထွန်းပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်မှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိ/မရှိတို့ကို စိစစ်ပြီး ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်လုပ်ပေးလျက်ရှိပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ ဓာတ်သတ္တုလက်လုပ်လက်စားထုတ်လုပ်ဖို့ ခွင့်ပြုမိန့်နှင့် ဓာတ်သတ္တုအသေးစားထုတ်လုပ်ဖို့ ခွင့်ပြုမိန့်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့

သဘောထားမှတ်ချက်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများရဲ့ သဘောထားမှတ်ချက်များနှင့် ကုမ္ပဏီဆိုင်ရာ အထောက်အထားများပြည့်စုံမယ်ဆိုရင် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများပါ လိုအပ်ချက်များနှင့်အညီစိစစ်ပြီး အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုမိန့်များထုတ်ပေးလျက်ရှိပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ရတနာနယ်မြေများမှာ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ဖို့အတွက် သတ္တုတွင်းဝန်ကြီးဌာနသည် ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှာ မြန်မာ့ကျောက်မျက်ရတနာဥပဒေကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှာ မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေကိုလည်းကောင်း သီးခြားစီပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာ့ကျောက်မျက် ရတနာဥပဒေမှာ ကျောက်မျက်ရတနာလုပ်ကွက်များ သတ်မှတ်ခြင်းနှင့်ပတ်သက်ပြီး အခန်း(၄) ပုဒ်မ ၈ မှာလည်းကောင်း၊ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်နှင့်ပတ်သက်ပြီး အခန်း(၅) ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄နှင့် ပုဒ်မ ၁၅ တို့မှာလည်းကောင်း ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့ပါတယ်။ ရတနာနယ်မြေများမှာ ကျောက်မျက်တူးဖော်လုပ်ကိုင်ရန်အတွက် နိုင်ငံတော်နှင့် အကျိုးတူတူးဖော်လုပ်ကိုင်နေတဲ့ အကျိုးတူလုပ်ကွက်၊ သတ်မှတ်လုပ်ကွက်(အသစ်)နှင့် ဖော်ထုတ်လုပ်ကွက်ဆိုပြီး လုပ်ကွက်ပုံစံသုံးမျိုး ရှိပါတယ်။ အဲ့ဒီအထဲက လုပ်ကွက်ပုံစံတစ်ခုခုကို လျှောက်ထားလာမယ်ဆိုရင် ကန့်သတ်ချက်များနှင့် လွတ်ကင်းတဲ့နေရာများမှာ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ခွင့်များချထားပေးလျက်ရှိပါတယ်ခင်ဗျား။ နိုင်ငံတော်နှင့်အကျိုးတူ တူးဖော်လုပ်ကိုင်ခွင့်လျှောက်ထားမယ်ဆိုရင် တူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီသည် ကျောက်မျက်တူးဖော်လုပ်ကိုင်ခွင့်ရရှိသော ကုမ္ပဏီဖြစ်ရပါမယ်။ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးက သတ်မှတ်လုပ်နည်းများနှင့်အညီ တင်ပြလျှောက်ထားရပါမယ်။ တင်ပြလျှောက်ထားတဲ့လုပ်ကွက်များကို တူးဖော်ရေးဌာနများက သက်ဆိုင်ရာဌာနများပါဝင်သောအဖွဲ့နှင့် ကွင်းဆင်းစစ်ဆေးပါတယ်။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်တွေကို ဝန်ကြီးဌာနအတွင်း ဖွဲ့စည်းထားတဲ့ ကျောက်မျက်ရတနာလုပ်ကွက်များ၊ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီအစည်းအဝေးနဲ့ဆုံးဖြတ်ပြီး နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၁ ခုနှစ်၊ မေလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၁၁)နဲ့ ဖွဲ့စည်းပေးထားတဲ့ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအစည်း အဝေးကိုတင်ပြပြီး ကန့်သတ်ချက်များနှင့် လွတ်ကင်းမှုရှိတယ်ဆိုရင် အကျိုးတူလုပ်ကွက်အဖြစ်နဲ့ လုပ်ကိုင်ခွင့်ချထားပေးလျက်ရှိပါတယ်။

**မူကြမ်း**

သတ်မှတ်လုပ်ကွက်(အသစ်)များကိုတော့ ရတနာနယ်မြေအတွင်းမှာရှိတဲ့ ကျောက်မျက်ထွက်ရှိနိုင်တဲ့မြေနေရာများကို ဌာနမှသတ်မှတ်လုပ်ကွက်အသစ်များအဖြစ် အကွက်ရိုက်သတ်မှတ်ပေးပြီး သတင်းစာမှာ ကြေညာခေါ်ယူပြီးတော့မှ ဈေးပြိုင်ချိတ်ပိတ်တင်ဒါစနစ်နဲ့ လုပ်ကိုင်ခွင့်ချထားပေးလျက်ရှိပါတယ်။ သတ်မှတ်လုပ်ကွက်(အသစ်)များကို တင်ပြလျှောက်ထားလိုတဲ့ ကုမ္ပဏီသည် ကျောက်မျက်တူးဖော်လုပ်ကိုင်ခွင့်ရရှိတဲ့ ကုမ္ပဏီဖြစ်ရပါမယ်။ ကုမ္ပဏီက ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်သူက သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်လျှောက်လွှာပုံစံနဲ့ လျှောက်ထားရပါမယ်။ တင်သွင်းလာသော လျှောက်လွှာများကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီး ကော်မတီအစည်းအဝေးက ဖွင့်ဖောက်စစ်ဆေးပြီး လုပ်ကိုင်ခွင့်များချထားပေးလျက်ရှိပါတယ်။

ဖော်ထုတ်လုပ်ကွက်အသစ်များကို တင်ပြလျှောက်ထားပါက တူးဖော်လုပ်ကိုင်လိုသော ကုမ္ပဏီသည် ကျောက်မျက်တူးဖော်လုပ်ကိုင်ခွင့်ရရှိတဲ့ ကုမ္ပဏီဖြစ်ရပါမယ်။ ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်သူက သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားရပါမယ်။ တင်ပြလျှောက်ထားတဲ့လုပ်ကွက်များကို တူးဖော်ရေးဌာနများက သက်ဆိုင်ရာဌာနများပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပါမယ်။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်တွေကို ကျောက်မျက်ရတနာလုပ်ကွက်များ၊ ခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီအစည်းအဝေးများကိုတင်ပြပြီး ကန့်သတ်ချက်များနှင့် လွတ်ကင်းမှုရှိတယ်ဆိုရင် ဖော်ထုတ်လုပ်ကွက်အသစ်အနေနဲ့ လုပ်ကိုင်ခွင့်ချထားပေးလျက်ရှိပါတယ်။ နိုင်ငံတော်နှင့်အကျိုးတူ လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်အသစ်များကို လျှောက်လွှာများတင်ပြလျှောက်ထားတဲ့အခါမှာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်)က အဖွဲ့များဖွဲ့စည်းပြီး လက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။ အချက်အလက်များပြည့်စုံမယ်ဆိုရင် သက်ဆိုင်ရာတူးဖော်ရေးဌာနများကို ကွင်းဆင်းစစ်ဆေးနိုင်ဖို့အတွက်ကို အကြောင်းကြားပါတယ်။ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ သက်ဆိုင်ရာ တူးဖော်ရေးဌာနများက သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပါဝင်သောဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်ဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေးပါတယ်။ အဲ့ဒီကွင်းဆင်းစစ်ဆေးတွေ့ရှိချက်တွေကို ဆက်ပြီးတော့မှ ဝန်ကြီးရုံးကို တင်ပြပါတယ်။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးနှင့် မြန်မာ့ကျောက်မျက်

**မူကြမ်း**

ရတနာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ အစည်းအဝေးများကို တင်ပြပြီး အချိန်နှင့် တစ်ပြေးညီလုပ်ကိုင်ခွင့်များ ချထားပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး မိုက်တောင်းထားပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မက အစကတည်းက မေးပုံက တစ်ပိုင်တစ်နိုင်ထုတ်လုပ်တဲ့ လူတွေကိုမေးတာပါ။ တစ်ပိုင်တစ်နိုင် ထုတ်လုပ်တဲ့သူဆိုတာ အရင်းအနှီးမရှိတဲ့လူအကြောင်းကို မေးတာပါ။ ကုမ္ပဏီ၏အကြောင်းကိုပြော တာမဟုတ်ပါဘူး။ တစ်နည်းအားဖြင့်ဆိုလို့ရှိရင် ရွှေ့ပြောင်းလုပ်သားသဘောဖြစ်နေတဲ့ တွင်းတူးတဲ့သူ တွေ၊ တွင်းတူးချင်တဲ့လူတွေကိုပြောတာပါ။ အဲ့ဒီတော့ ပြည်ထောင်စုဝန်ကြီးဖြေသွားတာက ကုမ္ပဏီကြီး တွေ ဘယ်လိုလုပ်ရမလဲဆိုတာ ကြီးကျယ်ခမ်းနားစွာပြောပြသွားတာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မက နည်းဥပဒေ အခုတုန်းက မဖတ်ပြတဲ့အသေးစိတ်လေးကို ဖတ်ပြပါ့မယ်။ နည်းဥပဒေအခန်း(၅) ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်လုပ်ခြင်းဆိုပြီးတော့ အသေး စိတ်ရေးထားတာ ဖတ်ပြပါ့မယ်။ သတ္တုအသေးစားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝန်ကြီးဌာနသို့လည်းကောင်း၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အသေးစားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်းသည် ဦးစီးဌာနသို့လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိရန် ပုံစံ(၃)ဖြင့် လျှောက်ထားရမည်လို့ပါတယ်။ အခုဝန်ကြီးဖြေလိုက်တာက ပုံစံ(၁)ရော၊ ပုံစံ(၃)ရော၊ နောက်အဆင့်ပေါင်း မြောက်များစွာက မဖြစ် နိုင်တဲ့အဆင့်တွေဖြစ်ပြီးတော့ ခွင့်ပြုမိန့်ပုံစံ(၃)က ခွင့်ပြုလို့မရတဲ့ပုံစံ(၃) ဖြစ်နေသောကြောင့် မေးမြန်း ခြင်းဖြစ်ပါတယ်။

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်ကြီး၏ မေးခွန်းကို ကျွန်တော် ပြန်လည်ပြီးဖြေဆိုသွားပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာဖြေရင် အခုနက ဆီလျော်ပြီး ကတိပါတဲ့အဖြေပဲဖြစ်ဖို့လိုပါတယ်။ အရှည်ကြီးဖြေနေဖို့မလိုပါဘူး။ မေးတာက ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာစသည့် ဓာတ်သတ္တု များအား အသေးစားထုတ်လုပ်ခွင့်ပြုမိန့်လျှောက်ထားရာတွင် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ။ ရှိရင် ရှိတယ်။ မရှိရင် မရှိဘူး။

**မူကြမ်း**

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ကျောက်မျက်ရတနာထုတ်လုပ်မှုနဲ့ပတ်သက်ပြီးတော့ လောလောဆယ် ကျွန်တော်တို့ ပုံစံသုံးခုဖြစ်တဲ့ ကျွန်တော်တို့အခုနတုန်းက ဖြေကြားခဲ့တဲ့ အကျိုးတူလုပ်ကွက်၊ သတ်မှတ်လုပ်ကွက်(အသစ်)နဲ့ ဖော်ထုတ်လုပ်ကွက်များဆိုပြီးတော့မှ ဒီအနေအထားသုံးမျိုးနဲ့ထင် လက်ရှိမှာ ကျွန်တော်တို့ ခွင့်ပြုပေးနေပါတယ်။ လာမယ့်မြန်မာ့ ကျောက်မျက်လုပ်ငန်းဥပဒေနဲ့ သတ္တုဥပဒေများ အသစ်ပြင်ဆင်ပြီးတော့မှ ပြဋ္ဌာန်းပြီးတဲ့အခါကျလို့ရှိရင်တော့ အခုနတုန်းက ကိုယ်စားလှယ်တော်ကြီးမေးတဲ့ မေးခွန်းမှအဖြေများကို ပြဋ္ဌာန်းသွားမှာဖြစ်တဲ့ အကြောင်းဖြေကြားလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ထန်းတပင်မြို့နယ်အတွင်းရှိ မြစ်ကူး၊ ချောင်းကူးကျေးရွာများသည် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ခွင့်ပြုပေးနိုင်ပါရန်နှင့် ယိုယွင်းပျက်စီးနေသောကျေးလက်ကျန်းမာရေးဌာနခွဲများအား မည်သည့်အချိန်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်ကိုယ်စား ဦးကြည်မြင့်၊ မှော်ဘီမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးကြည်မြင့်(မှော်ဘီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီရဲ့ကိုယ်စား ကျန်းမာရေးနှင့်ပတ်သက်တဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်ဟာ ဧရိယာ ၃၂၇ စတုရန်းမိုင်ကျယ်ဝန်းလျက်မြစ်ချောင်း အင်းအိုင်ပေါများသဖြင့် သွားရေးလာရေး ခက်ခဲသောဒေသဖြစ်ပါတယ်။ သွားရေးလာရေးခက်ခဲမှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်လျက်ရှိပါတယ်။ သွားလာရေးခက်ခဲသောမြစ်ကူး၊ ချောင်းကူးကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ခွင့်ပြုပေးနိုင်ရန်လိုအပ်လျက်ရှိပါတယ်။ အချို့ကျန်းမာရေးအဆောက်အဦများမှာလည်း ပျက်စီးယိုယွင်းမှုကြောင့် ဆေးကုသရေးနှင့်ဝန်ထမ်းများ နေရေးထိုင်ရေးအခက်အခဲများ ကြုံတွေ့နေရပါတယ်။ ယခင်က ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့သော ကျေးလက်ဆေးပေးခန်းများသည် နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်၍ ယိုယွင်းပျက်စီးနေပြီး အသစ်ဆောက်လုပ်ပေးရန်လည်း လိုအပ်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ အကျိုးအလို့ငှာ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) မြစ်ကူး၊ ချောင်းကူးကျေးရွာများဖြစ်ကြသည့် စံကင်းကျေးရွာ၊ ဘေးမခကျေးရွာ၊ အပြင်ရေကျော်ကျေးရွာ၊ ရေခနဲရိကျေးရွာနှင့်မော့သော့ကျေးရွာတို့အား ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေပါသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ခွင့်ပြုပေးနိုင်ပါသလား။ မေးခွန်း(၂) ကျန်းမာရေးအဆောက်အဦများ ယိုယွင်းပျက်စီးနေသော ဆတ်ကလေးကျေးရွာ၊ အလိန်လည်ကျေးရွာ၊ ရေပေါ်သောင်ကျေးရွာ၊ တလိုင်မှီကျေးရွာ၊ ကြမန်းကျေးရွာ၊ သံပုရာကုန်းကျေးရွာ၊ ဒိတ်ကုန်းကျေးရွာ၊ ကုန်းလှည်းဆိပ်ကျေးရွာနှင့် ရိုးခွကျေးရွာတို့၏ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦများအား ပြင်ဆင်ဆောင်ရွက်ပေးနိုင်ပါမည်လား။ မေးခွန်း(၃) အထက်ပါကျေးလက်ကျန်းမာရေးဌာနခွဲများ၏ ဖွင့်လှစ်ခွင့်နှင့် အဆင့်မြှင့်တင်ပြုပြင်ခြင်းအား မည်သည့်အချိန်တွင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ထီးချိုင့်မြို့ ၂၅ ခုတင်ဆံ့ ဆေးရုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်တိုးမြှင့်ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဆိုင်ရာမေးခွန်း မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ထီးချိုင့်မြို့နယ် ပြည်သူ့ဆေးရုံရဲ့ လက်ရှိအဆင့်ကိုတင်ပြရမယ်ဆိုရင် ၂၅ ခုတင်ဆံ့ဖြစ်ပါတယ်။ ဒေသခံမိဘပြည်သူများရဲ့ဆန္ဒအရ ခုတင် ၅၀ ဆံ့အဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းနဲ့မေးမြန်းတင်ပြခဲ့ပါတယ်။ ယင်းမေးခွန်းနဲ့ပတ်သက်ပြီး သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ၉-၁၀-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၂၀ အမှတ်(က)၂၀၁၃/၈-၁၃၄၃၄ အရ စာဖြင့် အကြောင်းပြန်ခဲ့ပြီးဖြစ်ပါတယ်။ အကြောင်းကြားစာပါ ဖြေဆိုထားချက်များကို တင်ပြရမယ်ဆိုရင် ထီးချိုင့်မြို့နယ်ပြည်သူ့ဆေးရုံဟာ အတွင်းလူနာ၊ မွေးလူနာများရဲ့ ဆေးရုံခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်း ယခင် ၆၆.၈ ရာခိုင်နှုန်းမှ ၂၀၁၂ ခုနှစ်တွင် ၉၃.၅၆ ရာခိုင်နှုန်းထိ ဖြစ်ပေါ်တိုးတက်ခဲ့တဲ့အတွက် ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စိစစ်ဆောင်ရွက်ပေးမယ်လို့သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနက အထက်ဖော်ပြပါအတိုင်းဖြေဆိုထားပေမယ့် သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများကို မေးမြန်းကြည့်တဲ့အခါမှာ အကျိုးအကြောင်းမသိရသေးဘူးလို့ ဖြေပါတယ်။ လက်ရှိအခြေအနေမှာလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကလည်း အချိန်ကာလအားဖြင့် သုံးလခန့်ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒေသခံမိဘပြည်သူများကလည်း မျှော်လင့်ချက်ရှိနေကြတဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနက မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်ကို ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

## ဖြေကြားချက်

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျန်းမာရေးနှင့်ပတ်သက်သော မေးခွန်းများအား ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးမှ ဖြေကြားမှာဖြစ်ပါတယ်။ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၏ မေးခွန်းနှင့်စပ်လျဉ်း၍ ယိုယွင်းပျက်စီးနေသော ကျေးလက်ကျန်းမာရေးဌာနများကိစ္စကို ကျွန်မ ဦးစွာဖြေကြားပါ့မယ်ရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရိုးခွကျေးရွာ၊ ဆတ်ကလေးကျေးရွာ၊ အလိန်လည်ကျေးရွာ၊ ရေပေါ်သောင်ကျေးရွာ၊ တလိုင်မှီကျေးရွာ၊ ကြမန်းကျေးရွာ၊ သံပုရာကုန်းကျေးရွာ၊ ဒိတ်ကုန်းကျေးရွာနှင့် ကုန်းလှည်းဆိပ်ကျေးရွာများရှိ ယိုယွင်းပျက်စီးနေသော ကျေးလက်ကျန်းမာရေးဌာနများအတွက် ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စီမံကိန်းနှင့်ဘဏ္ဍာငွေ တောင်းခံသည့်လျာထားချက်တွင် ပါဝင်ခဲ့ခြင်းမရှိသည့်အတွက်ကြောင့် ယခုဘဏ္ဍာရေးနှစ်အတွင်းတွင် ကျန်းမာရေးဦးစီးဌာနမှ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြစ်ပါတယ်။ သို့ရာတွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ထိရောက်စွာပေးဖို့လို့အတွက် ကျန်းမာရေးဆိုင်ရာ အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းပေးဖို့လုပ်ငန်းသည် ကျွန်မတို့ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးစားပေးအလေးထား ဆောင်ရွက်တဲ့ကိစ္စဖြစ်ပါတယ်ရှင်။ ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းစိစစ်တင်ပြဖို့လို့အတွက် ကျွန်မတို့စီစဉ်ဆောင်ရွက်ထားပါတယ်။ အဲ့လိုတင်ပြတဲ့အခါမှာတော့ အကယ်၍ ယိုယွင်းပျက်စီးနေတဲ့ကျန်းမာရေးဌာနများကို ပြုပြင်ထိန်းသိမ်းလို့ရနိုင်တဲ့ အနေအထားဆိုရင် ၂၀၁၄-၂၀၁၅ ကျန်းမာရေးဦးစီးဌာနရဲ့ ပြင်ဆင်ထိန်းသိမ်းစရိတ်မှ ကျွန်မတို့ဆောင်ရွက်ပေးပါမယ်။ အကယ်၍ အသစ်ပြန်ဆောက်မှဖြစ်မှ အနေအထားဆိုလို့ရှိရင်တော့ ယခုနှစ်အတွင်းမှာ သက်ဆိုင်ရာဒေသန္တရစီမံကိန်းများမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့လို့အတွက် ကျွန်မတို့ညှိနှိုင်းအကြံပြုချက်အား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

ဆက်လက်၍ စံကင်းကျေးရွာသည် ထန်းတပင်မြို့နယ်၊ နဲ့သမိန် ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ နဲ့ဗျောကျေးလက်ကျန်းမာရေးဌာနခွဲအပိုင်မှာရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ နဲ့ဗျောကျေးလက်ကျန်းမာရေးဌာနခွဲနှင့် နှစ်မိုင်ခန့်သာကွာဝေးသော်လည်း ရေလမ်းတစ်ခုတည်းသာ ဆက်သွယ်

သွားလာရတဲ့အတွက်ကြောင့်မို့လို့ ဒီကျေးလက်ကျန်းမာရေးဌာနခွဲကိုရောက်ဖို့လို့ တစ်နာရီခွဲ၊ နှစ်နာရီခန့်ကြာမြင့်တာဖြစ်ပါတယ်။ အိမ်ခြေအားဖြင့် ၁၂၁ အိမ်၊ လူဦးရေအားဖြင့် ၆၈၁ ဦး မှီတင်းနေထိုင်လျက်ရှိပါတယ်။ ပုံမှန်အားဖြင့်ဆိုရင်တော့ ကျွန်မတို့ လက်ရှိအခြေအနေအထိ လူဦးရေ ၄၀၀၀ မှ ၅၀၀၀ ရှိတဲ့အခါမှာသာ ကျေးလက်ကျန်းမာရေးဌာနခွဲကို စီစဉ်ဆောင်ရွက်ပေးနိုင်တဲ့အနေအထားဖြစ်ပါသော်လည်း သွားရေးလာရေးအလွန်တရာ ခက်ခဲတာကိုလည်း ကျွန်မတို့သိရှိရပါတယ်။ ဒါကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲ စံကင်းကျေးရွာအတွက် ဖွင့်လှစ်ခွင့်ပြုမိန့်ရရှိရေးကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

ဆက်လက်၍ ဘေးမခကျေးရွာသည် ထန်းတပင်မြို့နယ်၊ နှဲသမိန်ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ နှဲဗျောကျေးလက်ကျန်းမာရေးဌာနခွဲအပိုင်မှာရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ ၎င်းကျေးရွာရဲ့ မြစ်တစ်ဖက်ကမ်းတွင် ညောင်တုန်းမြို့နယ်၊ ကုက္ကို၀ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ထန်းတပင်မြို့နယ်၊ ဒေါင့်ကြီးကျေးလက်ကျန်းမာရေးဌာနခွဲတို့ တည်ရှိပါတယ်။ လူဦးရေ ၃၈၀ ခန့်သာရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ လောလောဆယ်မှာ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ဖို့အတွက် အစီအစဉ်မရှိသေးပါဘူး။ ဒါပေမယ့်လည်း ပြည်သူများရဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ပိုပြီးတော့ လက်လှမ်းမီစွာဆောင်ရွက်နိုင်ဖို့လို့အတွက် စီမံခန့်ခွဲသောနည်းလမ်းများကို တိုးမြှင့်ဆောင်ရွက်ပြီးတော့ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို တိုးမြှင့်ဆောင်ရွက်ပေးရန် ဆောင်ရွက်ပေးပါမယ်လို့ ကျွန်မအနေနဲ့ ဖြေကြားအပ်ပါတယ်။ အပြင်ရေကျော်ကျေးရွာဟာ နှဲသမိန်ကျေးလက်ကျန်းမာရေးဌာနအောက်မှာရှိပြီးတော့ အတွင်းရေကျော်ကျေးလက် ကျန်းမာရေးဌာနခွဲအပိုင်မှာရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ ကျန်းမာရေးဌာနခွဲကို လောလောဆယ်အနေအထားမှာ သွားလာရေးလက်လှမ်းမီသော အခြေအနေမှာရှိတဲ့ ကျေးရွာတစ်ရွာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျေးလက်ကျန်းမာရေးဌာနခွဲ လောလောဆယ် မဖွင့်လှစ်နိုင်သေးသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအဆင်ပြေစေဖို့အတွက် ကျွန်မတို့ စီမံခန့်ခွဲရေးနည်းလမ်းများနှင့် ဆောင်ရွက်ပေးပါမယ်လို့ ဖြေကြားအပ်ပါတယ်။ ဆက်လက်၍ ရေခနဲရိကျေးရွာသည် အလိန်လည်ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ဆတ်ကလေးကျေးလက်ကျန်းမာရေးဌာနခွဲအပိုင်မှာရှိသော ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ရေလမ်းကိုသာဦးစားပေးဆက်သွယ်သွားလာရပြီး နှစ်နာရီကျော်ကြာမြင့်ပါတယ်။ လူဦးရေ ၈၅၅ ဦး၊ အိမ်ခြေ ၁၈၆ အိမ်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ပြုမိန့်ရရှိရေး

အတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အလားတူ မော့သော့ကျေးရွာသည် ပန်းတိုင်ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ကျားဟုန်းကျေးလက် ကျန်းမာရေးဌာနခွဲအပိုင်မှာရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ကျားဟုန်းကျေးလက်ကျန်းမာရေးဌာနခွဲဟာ စက်လှေနဲ့သွားလာရပြီးတော့ သွားလာရတဲ့အချိန်က မိနစ် ၃၀ ခန့်သာကြာမြင့်သော်လည်းပဲ သွားလာရေးခက်ခဲပါတယ်။ သို့ဖြစ်သည့်အတွက် လူဦးရေ ၆၈၁ ဦး၊ အိမ်ခြေ ၁၂၀ သာရှိသော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ပြုမိန့်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး၏မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့ ၂၅ ခုတင်ဆံ့ဆေးရုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ခုတင် ၅၀ ဆံ့ဆေးရုံအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကြယ်ပွင့်ပြမေးခွန်းဖြေကြားချက်အား ပထမအကြိမ် ပြည်သူ့လွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေးတွင် ဖြေကြားချက်ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါဖြေကြား၍ မကြာမီအချိန်ထဲမှာ ကျွန်မတို့ ဘဏ္ဍာငွေအရအသုံးရေးဆွဲရာမှာ အမှန်သုံးငွေနှင့်တင်ပြငွေများ ကွာခြားမှုမဖြစ်စေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအလိုက် တိုးချဲ့ဆောက်လုပ်မည့်အဆောက်အဦများအတွက် မြေနေရာလုံလောက်မှုရှိ/မရှိ၊ အဆောက်အဦထပ်ဆောက်ရန် လိုအပ်ချက်ရှိ/မရှိ၊ နယ်မြေဒေသအခြေအနေနှင့် မြေပြင်အမှန်တကယ် လိုအပ်မှုရှိ/မရှိတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း၊ တိုးချဲ့ဖွဲ့စည်းမှုအတွက် နှစ်အလိုက်အမှန်ခန့်ထားနိုင်မည့် ဝန်ထမ်းခန့်ထားသည့်အစီအစဉ်နှင့် လုပ်ငန်းသုံးပစ္စည်းများဖြည့်ဆည်းပေးမည့်အစီအမံတို့ကိုလည်းကောင်း စုစည်းပြုစုပြီးမှသာ စီမံကိန်းနှင့်ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ပြည့်စုံစွာတင်ပြရန်ညွှန်ကြားချက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါအချက်အလက်များ ပြည့်စုံမှုရှိစေရန် စိစစ်လျက်ရှိပါကြောင်းနှင့် ထီးချိုင့်မြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံအား ခုတင် ၅၀ ဆံ့ဆေးရုံသို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

**မူကြမ်း**

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ၁၄-၂-၂၀၁၄ ရက်နေ့က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၂၄-၃-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးပြန်လည်ပေးပို့လာပါတယ်။ ယင်းသို့ ပြန်လည်ပေးပို့ခြင်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ ၂၅-၃-၂၀၁၄ ရက်နေ့က လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေထားခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၂၈ ချက်အနက်မှ၂၅ ချက်ကို သဘောတူသင့်ကြောင်းနဲ့ ၃ ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်းတင်ပြလာပါတယ်။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်မှ သဘောတူညီချက် ၂၅ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနှင့်ပြန်လည်ပေးပို့လာတဲ့အပေါ်မှာ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် ၂၅ ချက်ကို သဘောတူလက်ခံဖို့ ဥပဒေကြမ်းကော်မတီမှ ညှိနှိုင်းစိစစ်ထားပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက် ၂၅ ချက်များအား လွှတ်တော်ကတင်ပြမှာဖြစ်ပါတယ်။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဏ)၊ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(င)၊ အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃)(၅)၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၃)(၅)၊ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(င)၊ အပိုဒ်ခွဲငယ်(၃)(၅)၊ အပိုဒ် ၆ အပိုဒ်ခွဲငယ်(င)နှင့်(စ)၊ အခန်း (၄) အပိုဒ် ၈ ၏ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၃)

အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂ နှင့် အပိုဒ် ၁၃၊ အခန်း(၆) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ)၊ အခန်း(၉) အပိုဒ် ၃၄၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇ စတဲ့ ဥပဒေပြင်ဆင်ချက် ၂၅ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း လွှတ်တော်မှအတည်ပြုပေးနိုင်ရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို ကိုယ်စားလှယ်တွေအနေနဲ့လည်း လိုအပ်မယ်ဆိုလို့ရှိရင် မိမိတို့ဆီမှာဖြန့်ဝေထားခဲ့တဲ့ ဇယားတွေနဲ့ တိုက်ဆိုင်ကြည့်ရှုဖို့ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် ၂၅ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ အချက် ၂၅ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် အချက် ၃ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူကြောင်း တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားမေးဖို့ဖြစ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယားမှာ ရေးသားထားတာရှိပါတယ်။ ဒါတွေလည်း သိရှိထားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ပြင်ဆင်ချက်များအတိုင်း သဘောမတူကြောင်းတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ထ)၊ အခန်း(၄) အပိုဒ် ၇ နဲ့ အပိုဒ်ခွဲ(ည)၊ အခန်း(၅) အပိုဒ်ခွဲ(၁၄)တို့ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်းတင်ပြချက်ကို အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များမှအပ အချက် ၃ ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲခဲ့တဲ့ အချက် ၃ ချက်ဖြစ်သော အပိုဒ် ၂ အပိုဒ်ခွဲ(ဎ)၊ အပိုဒ် ၇ အပိုဒ်ခွဲ(ည)နှင့် အပိုဒ် ၁၄ တို့ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲတဲ့ အချက် ၃ ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှဦးခင်မောင်ရွှေရဲ့အဆိုကို မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ကျွန်တော် ဦးအောင်မြင့်က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ အချက် ၃ ချက်နှင့် ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် သဘောကွဲလွဲချက် ၃ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့(သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၃၀ နာရီအချိန်တွင်ရပ်နားပါသည်။]

**မူကြမ်း**